# မာတိကာ


- ဆရာကိုဇန်ပြောတဲ့ ထောက်လှမ်းရေးအကြောင်း
- ထုတ်ဝေသူရဲ့ မိတ်ဆက်စကား
- စာရေးသူ၏ အမှာ

၁။ ဒီမိုကရေစီအစိုးရအတွက် ထောက်လှမ်းရေးဖတ်စာ ၉

၂။ ထောက်လှမ်းရေးအသိုက်အဝန်းနှင့် ပေါ်လစီမိတ်ကာ သို့မဟုတ် သမ္မတ ၁၉

၃။ သမ္မတကြီးသာဖတ်ရန် သို့မဟုတ် သမ္မတဖတ်စာ President's Daily Brief (PDB) ဟူသည် ၂၈

၄။ ထောက်လှမ်းရေးစက်ဝန်း Intelligence Cycle ဟူသည် ၃၄

၅။ မူဝါဒများ ပုံဖော်ထုဆစ်ခြင်းနှင့် ထောက်လှမ်းရေးအဖွဲ့အစည်း၏ အခန်းကဏ္ဍ ၄၀

၆။ အမျိုးသားထောက်လှမ်းရေးဗျူရို သို့မဟုတ် အမိမြေလုံခြုံရေးဌာန အိပ်မက် ၄၈

၇။ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖြန့်ဖွဲ့ဖို့လိုသလား ၅၄

၈။ ၉/၁၁ အရေးအခင်း ၁၃ နှစ်အလွန် အယ်လ်ကိုင်ဒါနှင့် လုံခြုံရေးစာတ်ဆောင်သွတ်သွင်းခြင်း ၆၃

၉။ ၂၀၀၄ ခုနှစ်အလွန် စစ်နတ်ဘုရားမျက်နှာတော်နှင့် ဗိုးတာဝါးဖြစ်နေဆဲ အရပ်ဘက်၊ စစ်ဘက် ထောက်လှမ်းရေး ၇၀

၁၀။ ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် Red cell ဟူသည် ၇၅

၁၁။ ထောက်လှမ်းရေးစည်းကျိုးပေါက်ခြင်း၏ အကြောင်းတရားများ ၈၇

၁၂။ အမေရိကန်တို့၏ အကြီးမားဆုံး ထောက်လှမ်းရေးစည်းကျိုးပေါက်မှုကြီးဆယ်ခု ၉၀

၁၃။ ဓမ္မဟောင်းကျမ်းထဲက ထောက်လှမ်းရေးသင်ခန်းစာ ၉၅
- စာရေးသူ၏ ကိုယ်ရေးအကျဉ်း


## ဆရာကိုဇန်ပြောတဲ့ ထောက်လှမ်းရေးအကြောင်း

ကိုဇန်ဆီက အီးမေးလ်တစ်စောင် ရောက်လာပါတယ်။ အမှာစာချီးမြှင့်ဖပေးပါရန်ဆိုတဲ့ ခေါင်းစဉ်တပ်လို့၊ စာမူကြမ်းဖိုင်လေးနဲ့ အတူပေါ့။ စာအုပ်အမည်ကို ဖတ်လိုက်ရတာနဲ့တင် ကိုဇန်ရဲ့ ဒုတိယစာအုပ်ကတော့ ဈေးကွက်နေရာရတော့မယ်ဆိုတာ သိလိုက်ပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက် (တပ်မတော်နေ့)မှာ "မြန်မာ့တပ်မတော် မင်္ဂလာပါ" ဆိုတဲ့ ကိုဇန်ရဲ့ ပွဲဦးထွက်စာအုပ် မိတ်ဆက်ခဲ့ပြီး မေလထဲမှာ ဖြန့်ချိလိုက်ပါတယ်။ အဲဒီစာအုပ်က ဈေးကွက်ထဲ ဝယ်လိုအားကောင်းပြီး အခုတော့ ကိုဇန်ဆိုတဲ့ ကလောင်တစ်ခုကို ဂျာနယ်စာမျက်နှာပေါ်ကနေ စာဖတ်သူပရိသတ် လက်ခံတဲ့ စာရေးဆရာတစ်ယောက်အဖြစ် ပြောင်းလဲသွားပါတယ်။

ဒါကြောင့် "ကိုဇန်" လို့ ခေါ်နေကျကနေ "ဆရာကိုဇန်" လို့ ဂုဏ်ပြုပြောင်းခေါ်ရပါတော့မယ်။ ဟိုအရင် ဂျာနယ်မှာ နိုင်ငံရေးအခြေပြုဆောင်းပါးတွေရေးတဲ့ ပင်တိုင်ဆောင်းပါးရှင်ကနေ အခုတော့ တန်းတစ်ခုဝင်သွားတဲ့ စာရေးဆရာကိုဇန် ဖြစ်သွားခဲ့ပါပြီ။

"ထောက်လှမ်းရေး" လို့ အသံကြားလိုက်တာနဲ့ မြန်မာ့အခြေအနေအရ အနည်းငယ်တော့ တွန့်သွားကြမယ် ထင်ပါတယ်။ မြန်မာနိုင်ငံမှာ ဆယ်စုနှစ်အတန်ကြာ အင်အားကြီးမားခဲ့ပြီးတော့ ပြည်သူတွေအပေါ် ဖိနှိပ်တဲ့ အဖွဲ့အစည်းလို့ အမည်ပျက်ခဲ့တာဆိုတော့ လူတွေစိတ်ထဲ စိုးရိမ်စိတ်က များနေပါတယ်။ ဒိုပြီး ထိတွေ့မှုရှိတာကတော့ အခုချိန်မှာ အသက် ၄၀ ကနေအထက်ရှိတဲ့ သူတွေကတော့ ထောက်လှမ်းရေးအကြောင်း ကောင်းကောင်းသိခဲ့ကြတာပါ။ အဲဒီ ထောက်လှမ်းရေးက တစ်ချိန်က ထောက်လှမ်းရေးပါ။

အခု ဆရာကိုဇန်ရေးတဲ့ ဒီစာအုပ်ထဲမှာတော့ ထောက်လှမ်းရေးအဖွဲ့အစည်းဆိုတာ ဘာကိုခေါ်တယ်၊ ဘယ်လို လုပ်ငန်းဆောင်ရွက်ကြတယ်၊ ဘာကြောင့် အရေးပါတယ်၊ ဘယ်လို ထိန်းချုပ်ကြမယ် ဆိုတာကအခဆောင်းပါးခေါင်းစဉ်အလိုက် ခွဲခြားထားပါတယ်။ ထောက်လှမ်းရေးအဖွဲ့အစည်း ဖျက်သိမ်းလိုက်တဲ့နောက်ပိုင်း အရင်ထောက်လှမ်းရေး လုပ်ဆောင်ခဲ့တဲ့ တာဝန်ကိုတွေကို အခြားအဖွဲ့အစည်းတွေက လွှဲပြောင်း တာဝန်ထမ်းဆောင်ကြမှာပါ။ ဒါပေမဲ့ သတင်းအချက်အလက်ဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် အထူးအရေးပါတာမို့ အမှန်တကယ် လိုအပ်တဲ့ အဖွဲ့အစည်းတစ်ရပ်ကို ဘယ်လို ကိုင်တွယ်သင့်တယ်ဆိုတာ ဆရာက မိတ်ဆက်ပေးလိုက်တာပါပဲ။ ဒီစာအုပ်ဖတ်ပြီးရင်တော့ အရင်က·အသံကြားတာနဲ့ ရွံ့ခဲ့တာ၊ ရွံ့ခဲ့တာ မလျော့သွားတောင် ဒီမိုကရေစီနိုင်ငံသစ်မှာ လိုအပ်တယ်ဆိုတာ လက်ခံနိုင်လာပါလိမ့်မယ်။

ဆရာကိုဇန်က ဒီမိုကရေစီအစိုးရသစ်အတွက် မိတ်ဆက်ပေးလိုက်တဲ့ ဖတ်စာဆိုပေမဲ့ တကယ်တော့ ဒီမိုကရေစီနိုင်ငံသားတိုင်း ဖတ်ထားသင့်တဲ့ စာအုပ်တစ်အုပ်ပါ။ ထောက်လှမ်းရေးဆိုတာ ကြားဖူးနားဝနဲ့တော့ သိနေပေမဲ့ အလုပ်လုပ်ကြတဲ့ စနစ်တွေကိုတော့ လူတိုင်း မသိကြသေးပါဘူး။ ဒီလို လူတိုင်းသိသင့်တာတွေကို စနစ်တကျလေ့လာပြီး စုဆောင်းပေးထားတာ တွေ့ရပါတယ်။

ဆရာကိုဇန်ရဲ့ ထောက်လှမ်းရေးဖွင့်ဆိုချက်ကို "ထောက်လှမ်းရေးအသိုက်အဝန်းနဲ့ ပေါ်လစီမိတ်ကာ သို့မဟုတ် သမ္မတ" ဆောင်းပါးထဲက အနည်းငယ် ကောက်နုတ်ပြလိုပါတယ်။

*ထောက်လှမ်းရေးအေဂျင်စီများနှင့် ပတ်သက်ပြီး အထင်အမြင်အလွဲမှားခံရဆုံး အချက်သည် မူဝါဒများကို ပုံဖော်ခြင်းသည် ထောက်လှမ်းရေးအေဂျင်စီများက လုပ်ဆောင်ရသည်ဟူသည့် အချက်ဖြစ်သည်။ လုံးဝမှားပါသည်။ အလွန် မှားယွင်းပါသည်။ မူဝါဒကို ပုံဖော်ပေးနိုင်ရန် ထောက်ကူသော အချက်အလက်များကို ပံ့ပိုးပေးရန်သည် ထောက်လှမ်းရေးအေဂျင်စီ၏ ပင်မတာဝန်ဖြစ်သော်လည်း မူဝါဒများ ဆုံးဖြတ်ခြင်း၊ ချမှတ်ခြင်းတို့သည် သက်ဆိုင်ရာ နိုင်ငံရေးခေါင်းဆောင်များ၏အလုပ် ဖြစ်ပါသည်။ ထောက်လှမ်းရေးသည် အစေခံသူ ဖြစ်ပါသည်။ ဆုံးဖြတ်သူများ မဟုတ်ပေ။ ရွေးကောက်ပွဲလျှေ ထွန်းကားပြီး ဒီမိုကရေစီ ရှင်သန်အားကောင်းသည့် နိုင်ငံတိုင်းတွင် လူထုထောက်ခံမဲအပေါ် မူတည်ပြီး အစိုးရတစ်ဆက် တက်လာသည်။ ဆင်းသွားသည်။ နောက်တစ်ဖန် အခြားသောပါတီက အာဏာရလာသည်။ တက်လာသည့် အစိုးရတိုင်းသည် အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးကို ဦးထိပ်ထားကြပါသည်။ သို့သော် ဦးထိပ်ထားရသည့် အမျိုးသားလုံခြုံရေးအပေါ် အစိုးရတစ်ဆက်နှင့် တစ်ဆက် ရင်ဆိုင်ကြုံတွေ့ရသည့် ကမ္ဘာ့နိုင်ငံရေးစာတ်ခုံ၊ အိမ်နီးချင်းတိုင်းပြည်များ၏ အခြေအနေ၊ ပြည်တွင်းနိုင်ငံရေး၏ ကွဲပြားခြေပြားမှု ခေတ်ရေစီးကြောင်းတို့သည် ပြောင်းလဲလေ့ရှိပါသည်။ ထို့ကြောင့် အစိုးရသစ်တစ်ရပ် တက်လာသည့်အခါတိုင်း ၎င်းတို့၏ မူဝါဒရပ်တည်ချက်၊ ရရှိလိုသည့် နိုင်ငံရေးပန်းတိုင်တို့အပေါ် မူတည်ပြီး လိုအပ်သည့် အချက်အလက်ဆိုင်ရာများသည် မရှိမဖြစ် အရေးကြီးပါသည်။ ဤနေရာတွင် ရှင်းရန်လိုပါသည်။ လိုအပ်သည့် အချက်အလက်ဟု ဆိုရာတွင် ၎င်းတို့ အာဏာတည်မြဲရန်အတွက် ထောက်ကူပေးသည့် အချက်အလက် မဟုတ်ဘဲ၊ ၎င်းတို့က ဖော်ဆောင်လိုသည့် မူဝါဒများအတွက် လိုအပ်သည့် အချက်အလက်ကို ဆိုလိုပါသည်။ မူဝါဒချမှတ်သူများသည် ၎င်းတို့ ဖော်ဆောင်လိုသည့် ထိပ်တန်းဦးစားပေးများအပေါ် မူတည်ပြီး ထောက်လှမ်းရေး အရင်းအမြစ်များကို လိုအပ်သလို ထိန်းညှိ တာဝန်ပေးအပ်ရပါသည်။*

ဒီကောက်နုတ်ချက် တစ်ခုတည်းကပင် ဆရာကိုဇန် မြန်မာနိုင်ငံမှာ ရှိစေလိုတဲ့ ထောက်လှမ်းရေးသဘောကို ခေ့ငုမိနိုင်မှာပါ။ ဆရာကိုဇန်ကတော့ လေ့လာဆန်းစစ် ရေးသားထားခဲ့ပါပြီ။ ကျွန်တော် ရှေ့ကနေ မိကျောင်းမင်း ရေကင်းမပြလိုတော့ပါ။ ကိုယ်တိုင်သာ ဖတ်ရှုလိုက်ပါတော့ ဟုသာ…။

ထိပ်တင်အောင်

သုတေသနမှူး

မြန်မာတိုင်းမ်နေ့စဉ်သတင်းစာ (မြန်မာဘာသာ)